# ပါရမီစားပွဲဝိုင်းအဖွဲ့နှင့် ကရင်ဖွံ့ဖြိုးတိုးတက်ရေးကွန်ယက်တို့၏ အေအီးစီ ဆိုင်ရာ အလုပ်ရုံ ဆွေးနွေးပွဲအစီရင်ခံစာ






ပါရမီစားပွဲဝိုင်းအဖွဲ့၏ (၁၉) ကြိမ်မြောက် အေအီးစီ အလုပ်ရုံဆွေးနွေးပွဲကို ကရင်အမျိုးသား ဖွံ့ဖြိုးတိုးတက်ရေးကွန်ယက်အတွက် ရည်ရွယ်ကာ မတ်လ ၁၄ ရက်နေ့တွင် ရန်ကုန်မြို့၊ YMCA ခန်းမတွင် နံနက် ၀၉း၀၀ နာရီတွင် စတင် ကျင်းပခဲ့ပါသည်။ ယင်းသို့ ကျင်းပရာတွင် ပါရမီ စားပွဲဝိုင်းအဖွဲ့မှ ပညာရှင်များ ဖြစ်ကြသည့် ဦးတင်ချိုက နံနက်ပိုင်းတွင် Parami Roundtable Group ခေါင်းစဉ်ဖြင့်လည်းကောင်း ၊ ဒေါ်တင်တင်ထွေးက Impact of AEC on Myanmar ခေါင်းစဉ်ဖြင့် လည်းကောင်း၊ ဦးအောင်မြင့်က Regional Connectivity in Myanmar and East West Economic Corridor ခေါင်းစဉ်ဖြင့်လည်းကောင်း၊ နေ့လည်ပိုင်းတွင် ဦးဇော်သန်းက SMEs Situation in Myanmar ခေါင်းစဉ်ဖြင့် လည်းကောင်း၊ ဦးတင်ချိုက AEC Beyond 2015 and why should Ethnic

Groups Care about Regional Cooperation? ခေါင်းစဉ် ဖြင့်လည်းကောင်း၊ အသီးသီး ဆွေးနွေး ဟောပြောခဲ့ကြပါသည်။ ယင်းအလုပ်ရုံ ဆွေးနွေးပွဲသို့ ပုသိမ်၊ ပခုက္ကူ၊ မန္တလေး၊ ပဲခူး၊ ထားဝယ်၊ လားရှိုး၊ မြစ်ကြီးနား၊ ကလေးနှင့် ဘားအံအစရှိသော ဒေသအသီးသီးမှ ကရင် အမျိုးသား ဖွံ့ဖြိုးတိုးတက်ရေး ကွန်ယက်၏ ကိုယ်စားလှယ်အဖွဲ့ဝင် ၂၀ ကျော် တက်ရောက်ခဲ့ပါသည်။

ကရင်အမျိုးသားဖွံ့ဖြိုးတိုးတက်ရေးကွန်ယက်မှ အဖွဲ့ခေါင်းဆောင် ဒေါက်တာမေရီးရှိုက ပါရမီစားပွဲဝိုင်းအဖွဲ့မှ ပညာရှင်များအနေဖြင့် မိမိတို့အဖွဲ့အား ယခုကဲ့သို့ အချိန်ပေးဆွေးနွေး ဟောပြောပေးသည့်အတွက် ကျေးဇူးတင်ရှိပါကြောင်း နှင့် ဆွေးနွေးဟောပြောသည့်ပညာရှင်များနှင့် တက်ရောက်လာသူများအား မိတ်ဆက်ပေးပါသည်။

ဦးတင်ချိုက ပါရမီစားပွဲဝိုင်းအဖွဲ့ ဖြစ်ပေါ်လာပုံ အကျဉ်းချုပ်၊ အဖွဲ့၏ရည်ရွယ်ချက်၊ စည်းမျဉ်း သတ်မှတ်ချက်များ၊ စံနှုန်းများနှင့် လုပ်ဆောင်ချက်များ၊ ပါရမီ စားပွဲဝိုင်းအဖွဲ့၏ လုပ်ဆောင်ချက် များကြောင့် အာဆီယံမှ ပထမဆုံး ပေးအပ်သည့် ၂၀၁၅ ခုနှစ် အာဆီယံပြည်သူ့ ဂုဏ်ပြုဆု ရရှိသည့် အကြောင်းများနှင့် ရှေ့ဆက်လုပ်ဆောင်သွားမည့် လုပ်ငန်းအစီအစဉ်များ အစရှိသည်တို့ကို ပြောကြားခဲ့ပါသည်။

ဒေါ်တင်တင်ထွေးက အာဆီယံနှင့် အေအီးစီဖြစ်ပေါ်လာပုံ အကျဉ်းချုပ်၊ အေအီးစီ အခြေပြ မြေပုံနှင့်ပတ်သက်ပြီး သိရှိရမည့် အသေးစိတ်အချက်များ၊ အပြန်အလှန် အသိအမှတ် ပြုမှုဆိုင်ရာ အစီအစဉ် (MRA) ၊ အေအီးစီ၏ အခွင့်အရေးများ၊ အခွင့်အရေးများကို အရယူနိုင်ရေးအတွက် တိုက်တွန်းချက်များ၊ အာဆီယံ score card နှင့် အကောင်အထည်ဖော်နိုင်မှု အခြေအနေ၊ အေအီးစီ၏ အခွင့်အလမ်းများ၊ မြန်မာနိုင်ငံအပေါ်သက်ရောက်မှုများနှင့် စိန်ခေါ်မှုများစသည့်အချက်များကို ဆွေးနွေးဟောပြောခဲ့ပါသည်။

ဦးအောင်မြင့်က အာဆီယံ ကူးလူးချိတ်ဆက်မှုမဟာစီမံကိန်းနှင့်ရည်မှန်းချက်၊ အာဆီယံ ကူးလူး ချိတ်ဆက်မှု အမျိုးအစား(၃)မျိုး၊ အာဆီယံကုန်းလမ်းကူးလူးချိတ်ဆက်မှုနှင့် မြန်မာနိုင်ငံ၊ မြန်မာနိုင်ငံရှိ ယာဉ်များ၏အခြေအနေနှင့် လမ်းအနေအထား၊ မြန်မာနိုင်ငံနယ်နိမိတ်ဖြတ်ကျော် နိုင်ငံတကာ လမ်းချိတ်ဆက်မှုများ၊ အာရှအဝေးပြေးလမ်းမများ၊ အာဆီယံအဝေးပြေးလမ်းမ၊ မြန်မာနိုင်ငံရှိ အာဆီယံအဝေးပြေးလမ်းမအခြေအနေ၊ မဟာမဲခေါင်မြစ်ဝှမ်း ဒေသနိုင်ငံများ (GMS) ၏ စီးပွားရေး စင်္ကြံလမ်းများ၊ အရှေ့အနောက်စီးပွားရေးစင်္ကြံလမ်းမကြီး၊ မြန်မာနိုင်ငံရှိ ရထားလမ်းကွန်ရက်များ၊ မြန်မာနိုင်ငံရှိရေနက်ဆိပ်ကမ်း၊ ဟံသာဝတီလေဆိပ်သို့ချိတ်ဆက်မှု၊ တရုတ်ပိုးလမ်းမ အသစ်၊ အာဆီယံအပြန်အလှန် အသိအမှတ်ပြု မှုဆိုင်ရာအစီအစဉ် (MRA) အစရှိသည်တို့ကို ဆွေးနွေးဟောပြောခဲ့ပါသည်။

ဦးဇော်သန်းက အာဆီယံစီးပွားရေးအသိုက်အဝန်း (အေအီးစီ) အခြေပြမြေပုံ၏ မဏ္ဍိုင် ၄ ရပ် အကြောင်း၊ မြန်မာ့စီးပွားရေးအတွက် အရေးပါသည့်အကြောင်းအရာများ၊ အေအီးစီတွင် SME အခန်းကဏ္ဍ၊ အာဆီယံနိုင်ငံများ၏ SME ကို အဓိပ္ပါယ်ဖွင့်ဆိုပုံများ၊ မြန်မာနိုင်ငံရှိ စက်မှုဇုန်များနှင့် SME လုပ်ငန်း အရေအတွက်၊ SME လုပ်ငန်းများအတွက် အသေးစားနှင့် အလတ်စားစီးပွားရေး ဖွံ့ဖြိုး တိုးတက်ရေး ဘဏ်၏ ချေးငွေ ထုတ်ပေးမှုအခြေအနေ၊ တိုင်းဒေသကြီး၊ ပြည်နယ်များသို့ ချေးငွေ ဖြန့်ဖြူးပေးမှုများ၊ SME လုပ်ငန်းများ ဖွံ့ဖြိုး တိုးတက်ရန်အတွက် လိုအပ်ချက်များအကြောင်း အစရှိသည်ဖြင့် ဆွေးနွေး ဟောပြောခဲ့ပါသည်။

ဦးတင်ချိုက အေအီးစီဖြစ်ပေါ်လာပုံအကျဉ်းချုပ်၊ အေအီးစီမှ ရရှိမည့်အကျိုးရလဒ်များ၊ ယင်းအကျိုး ရလဒ်များကို ရယူနိုင်ရန် လိုအပ်သော ထိရောက်သည့် လုပ်ဆောင်ချက်များ၊ တိုင်းရင်း သားလူနည်းစုအဖွဲ့များအနေဖြင့် ဒေသဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှု အကြောင်း သတိပြု သင့်သည့် အကြောင်းအရာများ၊ ဒေသဆိုင်ရာပေါင်းစည်းမှု၏ တိုင်းရင်းသားလူနည်းစုအပေါ်အကျိုး သက်ရောက်

မှုများ၊ တိုင်းရင်းသားလူနည်းစုများ ရင်ဆိုင် ကြုံတွေ့ရမည့် အဓိက စိန်ခေါ်မှု ၇ ချက်၊ ဒေသဆိုင်ရာ ပေါင်းစည်းမှုပြုလုပ်နိုင်ရန်အတွက် လိုအပ်ချက်များအကြောင်းအစရှိသည်ဖြင့် ပြောကြားသွားပါသည်။

အမေးအဖြေကဏ္ဍတွင် အလုပ်ရုံဆွေးနွေးပွဲတက်ရောက်လာသူများက မိမိတို့သိလိုသည်များကို မေးမြန်းကြရာတွင် တက်ရောက်လာသူတစ်ဦးက အကောက်ခွန်များ လျှော့ချသည့်အတွက် ကားဈေးများ လျော့ကျလာနိုင်ခြင်း ရှိမရှိ သိလိုပါကြောင်းမေးမြန်းပါသည်။

ဦးတင်ချိုက ကားတစ်စီးသည် အာဆီယံနိုင်ငံတစ်ခုခုအတွင်း ထုတ်လုပ်ခဲ့ပြီး အာဆီယံနိုင်ငံ၏သွင်းအားစုအနည်းဆုံး ၄၀ ရာခိုင်နှုန်းပါဝင်ခဲ့ပြီး မြန်မာ နိုင်ငံသို့ တင်သွင်းလျှင် အကောက်ခွန်နှုန်းထားမှာ သုံည ရာခိုင်နှုန်း ဖြစ်ပါ ကြောင်း၊ သို့ရာတွင် အကောက်ခွန်မဟုတ်သော အတားအဆီးများလည်း ရှိပါကြောင်း၊ မြန်မာနိုင်ငံတွင် ကားများတင်သွင်းသည့်အခါ ပါမစ်ရှိရန် လိုအပ်ပါကြောင်း၊ ၎င်းမှာ အကောက်ခွန်နှင့် မပတ်သက်ပါကြောင်း ပြန်လည် ဖြေကြားပါသည်။

အလုပ်ရုံဆွေးနွေးပွဲတက်ရောက်လာသူတစ်ဦးက ပါရမီအနေဖြင့် ကရင်ပြည်နယ်တွင် သစ်ပင်များ စိုက်ပျိုးသည်ဟုသိရပါကြောင်း၊ သစ်ပင်များ စိုက်ပျိုးသည့်အခါ ခွင့်ပြုချက်ကို မည်သို့ ရယူစိုက်ပျိုးပြီး ပိုင်ဆိုင် မှုကို မည်သို့သတ်မှတ်သည်ကို သိလိုပါကြောင်း မေးမြန်းပါသည်။

ဦးတင်ချိုက မိမိတို့အနေဖြင့် ကရင်ပြည်နယ်ဝန်ကြီးချုပ်ဟောင်း ဦးဇော်မင်း၏ ခွင့်ပြုချက်ရယူပြီး ညှိနှိုင်းကာ ၎င်းတို့စီစဉ်ပေးသည့် နေရာများတွင် စိုက်ပျိုး ပါကြောင်း၊ ပိုင်ဆိုင်မှုမှာ ကရင်ပြည်နယ်မှ ပြည်သူများ၏ပိုင်ဆိုင်မှုပင် ဖြစ်ပါ ကြောင်း ပြန်လည်ဖြေကြားပါသည်။

ဆက်လက်ပြီး တက်ရောက်လာသူတစ်ဦးက အစိုးရအနေဖြင့် SME လုပ်ငန်းများအတွက် အကာအကွယ်ပေးမှု ရှိမရှိ သိလိုပါ ကြောင်း မေးမြန်းပါသည်။

ဒေါ်တင်တင်ထွေးက အစိုးရအနေဖြင့် ဂျာမနီမှ အဖွဲ့အစည်းများနှင့် ပူးပေါင်း ပြီး SME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ဆောင်လျက်ရှိပါကြောင်း ပြန်လည် ဖြေကြားပါသည်။

အလုပ်ရုံဆွေးနွေးပွဲတက်ရောက်လာသူတစ်ဦးက ဆရာဦးအောင်မြင့် ပြောကြားသွားသည်များတွင် အစိုးရအခန်းကဏ္ဍကိုသာ ပြောကြားသွားပြီး ပုဂ္ဂလိကအခန်းကဏ္ဍကို မပြောသွားခဲ့ပါကြောင်း၊ မိမိတို့ ရှမ်းပြည်နယ်ရှိလမ်းများကို ပုဂ္ဂလိကကို လုပ်ပိုင်ခွင့်ပေးထားသည်ကို သိရှိရ ပါကြောင်း ဝင်ရောက်ဆွေးနွေးပါသည်။

ဦးအောင်မြင့်က ယခင်က မိမိတို့နိုင်ငံအား အရေးယူပိတ်ဆို့မှုများ လုပ်ဆောင် သည့်အတွက် လမ်းများဖောက်လုပ်ရန်အတွက် အာရှဖွံ့ဖြိုးရေးဘဏ်၊ ကမ္ဘာ့ ဘဏ်အစရှိသည့် မည်သည့်ဘဏ်မှ ချေးငွေ ထုတ်ပေးခြင်းမရှိပါကြောင်း၊ ထို့ကြောင့် ပုဂ္ဂလိကအား BOT စနစ်ဖြင့် လုပ်ပိုင်ခွင့် ပေးရပါကြောင်း၊ အစိုးရ အနေဖြင့် ပြန်လည်စစ်ဆေးရန်လည်း လိုအပ်ပါကြောင်း ပြောကြားပါသည်။

တက်ရောက်လာသူတစ်ဦးက SME လုပ်ငန်းများသည် အလွန်အရေးကြီးပါကြောင်း၊ နောင်တက်မည့်အစိုးရကို မှန်ကန်သော အဆုံးအဖြတ်များ ချမှတ်နိုင်ရေးအတွက် ပါရမီအဖွဲ့အနေဖြင့် မည်သို့ လုပ်ဆောင်ရန် ရှိသည်ကိုသိလိုပါကြောင်း မေးမြန်းပါသည်။

ဦးဇော်သန်းက SME လုပ်ငန်းများသည် စီးပွားရေးလုပ်ငန်းအတွက် အလွန် အရေးကြီးသည့် အစိတ်အပိုင်းဖြစ်ပါကြောင်း၊ ပြင်ဆင်သင့်သည့်မူဝါဒများကို ပြင်ဆင်ရမည်ဖြစ်ပါကြောင်း၊ မိမိတို့အနေဖြင့် တတ်စွမ်းသမျှအကြံညာဏ်များ ပေးအပ်သွားမည်ဖြစ်ကြောင်း ပြောကြားပါ သည်။

အလုပ်ရုံဆွေးနွေးပွဲ တက်ရောက်လာသူများထဲမှ တစ်ဦးက ခရိုနီများကို မည်သို့ထိန်းချုပ်မည်ကို သိလိုပါကြောင်း မေးမြန်းပါသည်။

ဦးအောင်မြင့်က ခရိုနီများမှာ ၄င်းတို့၏လုပ်ငန်းများဖြင့် ကြီးပွားချမ်းသာ နေကြပါ ကြောင်း၊ ၄င်းတို့ကိုထိန်းချုပ်လျှင် ပိုမိုဆိုးရွားစေမည်ဖြစ်ပြီး စည်းမျဉ်းစည်းကမ်းများ ချမှတ်ကာ လိုက်နာ ကျင့်သုံးလာအောင် ဆောင်ရွက်အောင် လုပ်ဆောင်ရမည် ဖြစ်ကြောင်း၊ ၄င်းတို့နှင့်အတူ အခြားသော လူများပါ ဖွံ့ဖြိုး တိုးတက်မှုရရှိအောင် ဆောင်ရွက်ရမည်ဖြစ်ကြောင်း ပြောကြားပါသည်။

ဆက်လက်ပြီး ဦးဇော်သန်းက ခရိုနီများအတွက် စီးပွားရေး မူဘောင်တစ်ခုကို ချမှတ် ရမည်ဖြစ်ပါကြောင်း၊ ၄င်းတို့နှင့်အတူ အခြားသော အဖွဲ့အစည်းများကိုလည်း မြှင့်တင် ဆောင်ရွက် ရမည် ဖြစ်ပါကြောင်း ပြောကြားပါသည်။

ညနေ ၀၄း၃၀ နာရီအချိန်တွင် ပါရမီစားပွဲဝိုင်းအဖွဲ့၏ YMCA ခန်းမတွင် ကျင်းပပြုလုပ်သည့် (၁၉) ကြိမ်မြောက် အေအီးစီ အလုပ်ရုံဆွေးနွေးပွဲအောင်မြင်ပြီးစီးခဲ့ပါသည်။